## အသင်းဂိုဏ်း ၏ ဆောင်ပုဒ် (The Emblem of Congregation)

ယုံကြည်ခြင်း၌ ကျေးဇူးတော် နှင့် ပျော်ရွှင်ခြင်း **(Gratia et Gaudium in Fide)**

## အသင်းဂိုဏ်း ၏ လိုဂို (Motto)

သင်္ကေတ ၃ ခုအား အသုံးပြုထားပြီး ပထမမှာ လက်ဝါးကားတိုင်တစ်ခု၏ အောက်ဖက်တွင် သာသနာပြု ခြင်း နှင့် ယုံကြည်ခြင်းအား ကိုယ်စားပြုသော အင်္ဂလိပ် စာလုံး M (Mission) နှင့် F (Faith) တို့ အားရေးထွင်းထားပြီး၊ ၎င်းသည် လောကကြီးအား အစွဲကင်းစွာ ဖြင့် မိမိတို့ရဲ့ အပ်နှံ ဆက်ကပ်ခြင်းကို ပျော်ရွှင်စွာ သာသနာပြုနိုင်ရေးကို သတိရစေပါတယ်။ ဒုတိယမှာ တြိဂံအမှတ်အသားဖြင့် ဝန်းရံထားသော လက်ဝါးကားတိုင်တော်ဟာ သန့်ရှင်းသော ပုဂ္ဂိုလ်သုံးပါး တစ်ဆူဘုရားကို ကိုယ်စားပြုထားကာ၊ ကျွန်ုပ်တို့ဝိညာဉ်ရေးရာ ကျင့်စဉ်၏ အဓိက ကျသောအရာတစ်ခု ဖြစ်ပြီး၊ ထို တြိဂံ၏ အပြင်ဖက်ပိုင်းတွင် Grazia et Gaudium in Fede ဆိုပြီး လက်တင်း ဘာသာစကားကို ရေးသားထားပါသည်။ အဓိပ္ပာယ်ကတော့ ယုံကြည်ခြင်း၌ ကျေးဇူးတော်နှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ဆိုတာဘဲဖြစ်ပါတယ်။ တတိယမှာတော့ ကိုယ်တော်မြတ် မုန့်တော်ပုံ စက်ဝိုင်း ဟာ ယုံကြည်ခြင်းသာသနာပြု အသင်းဝင်တို့ဟာ မိမိတို့ နှင့်နီးစပ်သူတို့အား အစေခံခြင်းအမှုတော်၌ ဘုရားသခင် အား လုံးလုံးလျားလျား ဆက်ကပ်အပ်နှံကြခြင်း ဆိုတဲ့ သဘောတရားကို ဆိုလိုခြင်းပင်ဖြစ်ပါတယ်။

## အသင်းဂိုဏ်း ၏ ထူးခြားသော ကျေးဇူးတော် ဂုဏ်ပုဒ် (The Charism)

Mission and Faith, သာသနာပြုခြင်း နှင့် ယုံကြည်ခြင်း သည် အသင်းဂိုဏ်း၏ ထူးခြားသော ကျေးဇူးတော်ဂုဏ်ပုဒ် (Charism) နှင့် ဝိညာဉ်ရေးရာ ကဏ္ဍ (spirituality) နှစ်ခု၏ ထူးခြားသည့် သွင်ပြင်လက္ခဏာ နှစ်ခုရဲ့ ခြားနားချက် ကိုဖော်ပြနေပါသည်။

အထက်ကဖော်ပြထားသော ကျွန်ုပ်တို့အသင်းဂိုဏ်း၏ အမည်နာမအတိုင်း သာသနာပြုများအနေဖြင့် ကမ္ဘာကြီးအား ခရစ်တော်၏ နာမတော်အတွက် ယုံကြည်ခြင်း နှင့် သက်သေခံခြင်းအား အသင်းတော်ကြီး၏ စေလွှတ်ခြင်းအမှုတော်တို့၌ ကျွန်ုပ်တို့ဘဝတစ်ခုလုံး အား ပူဇော်ဆက်ကပ် လိုကြသော သူများ ဖြစ်ကြပါသည်။ ဘုရားသခင်၏ အလိုတော်၊ သနားကြင်နာခြင်း နှင့် အနှိုင်းမဲ့လှသော ချစ်ခြင်းမေတ္တာ၊ လိုက်လှဲပျူငှာစွာ ကြိုဆိုကာ အစဉ်အမြဲ ခွင့်လွှတ်တတ်သော၊ ကိုယ်တော်၏ မျက်မှောက်တော်ရှေ့၌ သတင်းကောင်း ပြောကြားသူများအဖြစ်လည်း အလိုရှိကြပါသည်။ ယနေ့ခေတ်အချိန်၏ လူသားများအား ကျွန်ုပ်တို့၏ကယ်တင်ရှင် သခင်ခရစ်တော်အားဖြင့် ပျော်ရွှင်ခြင်းနှင့်၊ ပြည့်ဝစုံလင်သော ဘဝ၏ မူလအစဖြစ်သော ဘုရားသခင်ထံ ပြန်လည်ပြီး ဦးတည်လာစေဖို့ရန်အတွက် ပြင်းပြသော ခရစ်ယာန် အသက်တာ ယုံကြည်ခြင်းကို သက်သေခံသောသူများအဖြစ် ခေါ်တော်မူခြင်းကို ခံရသူများအဖြစ်လည်း ခံစားကြရပါသည်။

## အသင်းဂိုဏ်း တည်ထောင်ခြင်း (The Foundation)

၂၅ ဒီဇင်ဘာလ ၁၉၈၂ ခုနှစ်တွင် ယုံကြည်ခြင်း သာသနာပြု အသင်းဂိုဏ်း ကို တည်ထောင်ခဲ့ပါတယ်။ သာသနာ့အမှုတော်ဆောင် ရဟန်းတော်များ အသင်းဖွဲ့အနေဖြင့် ရဟန်းအမတ် (Card. Giuseppe Siri) ဂျေနိုဗာသာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး၏ တရားဝင် သာသနာအဆင့် အသိအမှတ်ပြုမှု ကိုရရှိခဲ့ပါသည်။ ဘုရားသခင်၏ လက်တော်ထဲမှ အသုံးတော်ခံ Miss. Anna Maria Andreani နှင့် ဘုန်းတော်ကြီး Luigi Duilio Graziotti သည် ဤ အသင်းဂိုဏ်းကို စတင်ခဲ့ပါသည်။ ယုံကြည်ခြင်း သာသနာပြု အသင်းဂိုဏ်း သည် ပထမဦးစွာ ၂၇ ဒီဇင်ဘာ ၁၉၇၃ တွင် ကော်တိုနာ သာသနာ ဆရာတော်ကြီး၏ အသိအမှတ်ပြုခြင်းနှင့် အသင်းဂိုဏ်း တည်ထောင်ခြင်းကိုစတင်ခဲ့ပါသည်။ စတင်ခဲ့ချိန်မှ စ ၍ စုဖွဲ့၍ နေရသော ဘဝ ပုံစံ၊ စိတ်အားထက်သန်မှုရှိသော မိသားစု၏ အင်္ဂါရပ် နှင့် အသင်းဂိုဏ်း၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် ရဟန်းတော်များ၊ သာသနာပြု အမှုတော်ထမ်းဆောင်နေသူများကို အကူညီ ပေးရန်၊ တစ်ခြားသောအသင်းတော်မှ ညီအစ်ကိုများ၊ ဘာသာခြားများနှင့် ဟောပြောပွဲ၊ သင်တန်း ပို့ချရေးများတွင် ပါဝင် ကူညီမှုများပေးရန် တို့ဖြစ်ကြပါသည်။

"ရဟန်းတော် များနှင့် ပတ်သက်ပြီး ဝိညာဉ်ရေးရာ၌ ခွန်အားနည်းသော ဘုန်းတော်ကြီးများ၊ မြင့်မြတ်လှသော ဘဝကို ပေါ့ပေါ့တန်တန် ဖြင့် ကုန်ဆုံးသွားစေသောသူများ၊ တဖြည်းဖြည်း ရဟန်းတစ်ပါး၏ ဂုဏ်သိက္ခာကို ဆုတ်ယုတ်၊ သေးသိမ်လာသည့်အထိ ဖြစ်လာသော ရဟန်းများ၊ ထိုသို့သော ရဟန်းတော်များအတွက် ပြုလုပ်ဆောင်ရွက်မည့် အကြံပြုချက်များနှင့် အသင်းဂိုဏ်း ၏ ပထမဦးဆုံး ရဟန်းတော်များ သည် တိုက်နယ်များရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများအား သူတို့၏ အမှုဆောင်ခြင်း လုပ်ငန်းများတွင် ဝင်ရောက်ကူညီပေးကြပြီး၊ ဘာသာရေးအဖွဲ့စည်းများအား သင်တန်းများပေးခြင်း နှင့် ဘာသာတူတို့၏ လူမှုရေး ဆိုင်ရာအလုပ်များတွင် ကူညီပေးခြင်းများတို့ ကိုဆောင်ရွက်ခဲ့ကြပါသည်။

အသင်းဂိုဏ်း၏ ထူးခြားသော ကျေးဇူးတော်ဂုဏ်ပုဒ် ၏ ရည်ရွယ်ချက်ကိုဆန်းစစ်သုံးသပ်ရန် အတွက် ရည်ညွှန်းကိုးကားချက်များထဲမှ အသေချာ စိတ်အချရဆုံးမှာ ရဟန်းအမတ် (Card. Giuseppe Siri) ကိုယ်တိုင် လက်မှတ်ထိုးထားသော အသင်းတော်အားအကျိုးပြုသော အဖွဲ့စည်းများ တည်ထောင်ခွင့် ရုံးတော်၏အမိန့် ပင်ဖြစ်ပါသည်။ ၂၅ ဒီဇင်ဘာလ ၁၉၈၂ တွင် ယုံကြည်ခြင်း၏ သာသနာပြု အသင်းဂိုဏ်း ဟူသော အမည်နာမအားဖြင့် တရားဝင် သာသနာ အသိမှတ်ပြုအဆင့် တည်ထောင်လာခဲ့ပြီး၊ လူသားအားလုံးအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ နှင့် ဧဝံဂေလိ သတင်းကောင်းကို အသင်းတော်ကြီး၏ လိုအပ်သော နေရာတစ်နေရာမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း အသင်းဂိုဏ်း သည် တတ်နိုင်သမျှ ခက်ခဲမှုကြုံတွေ့နေရသော ရဟန်းတော်များ၊ အသင်းဖော်ညီအစ်ကို များအား အဖော်ပြုအားပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ တမန်တော်ကြီးများ၏ သာသနာပြု အမှုတော်များနှင့် ဆိုင်သော ခရစ်ယာန်များ တစ်လုံးတစ်ဝတည်း ဖြစ်ရေး ဆိုင်ရာ လှုပ်ရှားမှုများတွင်လည်း တခြားသော အသင်းကွဲ၊ ဘာသာခြားများနှင့် လက်တွဲ လုပ်ဆောင်ခဲ့ပါသည်။

## တည်ထောင်သူများ (The Founders)

အသင်းဂိုဏ်းကို Sig.na Anna Maria Andreani နှင့် P. Luigi Graziotti တို့ မှစတင်ပြီး တည်ထောင်ခဲ့ပါသည်။ သူတို့ အားဖြင့် သခင်ဘုရားသည် အသင်းတော်ကြီးအတွက် တစ်မူထူးရှားသော ကျေးဇူးတော်တစ်ခုကို ပေးသနားပြီး အသင်းတော် ကိုယ်တော်တိုင်ကလည်း လက်ခံခဲ့ကာ၊ အသင်းဂိုဏ်းအတွင်းရှိ အသင်းသား အားလုံးကလည်း လိုက်နာကျင့်ဆောက်တည်နေလျက်ရှိကြပါတယ်။

## အမည်နာမ (Name of Congregation)

၁၉၉၉ ခုနှစ် အသင်းဂိုဏ်း၏ စည်းမျဉ်းစည်းကမ်း အရ ယုံကြည်ခြင်းသာသနာပြု အသင်းသည် အသင်းတော်ကြီး အတွင်းမှာ လိုအပ်နေသော နေရာများတွင် အချိန်ကိုက် တာဝန်ယူ ခြင်းများ၊ အသင်းဂိုဏ်း ရဲ့ လက်ခံရရှိထားသော ကျေးဇူးတော်ကို ဖော်ဆောင်ဖို့ ရန် နှင့် အထူးသဖြင့် ဝိညာဉ်ရေးရာ များတွင် ဆောင်ရွက်ဖို့ ရန် ဟူပြီး ရှင်းလင်းရေးသားထားပါတယ်။ အသင်းဂိုဏ်း၏ ဝိညာဉ်ရေးရာပိုင်းနှင့် ပြုလုပ်ဆောင်ရွက်ကြရမည့် ကျေးဇူးတော် တာဝန်ဝတ္တရားများအား သာသနာပြုခြင်း နှင့် ယုံကြည်ခြင်း တို့ အပေါ်တည်ဆောက်ရင်း ကွဲကွဲပြားပြား သိမြင်နိုင်ဖို့ ရန်၊ ၎င်းတို့ အား အချိုးကျကျ လိုအပ်သောနေရာများ၌ မျှတညီညွတ်စွာ ပြုလုပ်ဖို့ ရန် နှင့် မိမိတို့ ရဲ့ ဘဝများအားဖြင့် ရှေ့ဆက်ပြီး သက်သေခံသွားကြဖို့ ဆိုပြီး ဖော်ပြ ထားပါတယ်။ ယုံကြည်ခြင်း သာသနာပြု ဆိုသည်မှာ အမည်နာမ တစ်ခုဘဲဖြစ်ပြီး၊ အသင်းဂိုဏ်း ၏ ဝိညာဉ်ရေးရာ လမ်းစဉ် နဲ့ သာသနာပြု တာဝန် များနှင့် နေထိုင်မှုဘဝပုံစံ၊ အသင်းတော်ထဲမှာ လုပ်ဆောင်ရမည့် ဝတ္တရား ထုတ်ဖော်ပြသနေခြင်း လည်းဖြစ်ပါတယ်။

## ရည်မှန်းချက် နှင့် သာသနာပြုတာဝန် (Vision, Mission)

အသင်းတော်ကြီး၏ ဥပဒေပြု အဖွဲ့ မှ ကျွန်တော်တို့ အသင်း၊ အဖွဲ့အစည်း ကို ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လူသားအားလုံးဆီသို့ ဝေငှဟောပြောဖို့ ရန် ကောင်းမွန်သော အသင်းဂိုဏ်းတစ်ခု အဖြစ်သာမက ဂိုဏ်းဝင်ညီအစ်ကိုတစ်ဦးချင်းစီအားလည်း သန့် ရှင်းခြင်းသို့ လမ်းညွှန်ပေးနေပါတယ်။

၁။ အသင်းတော်အား နှိမ့်ချစွာနဲ့ နာခံတတ်ဖို့၊ မိမိတို့ ရဲ့ ကိုယ်ပိုင်ခေါ်တော်မူခြင်း အားဖြင့် သန့် ရှင်းခြင်းသို့ သယ်ဆောင်သွားရန်၊ သာသနာပြုများ ရဟန်းတော်တို့ လုပ်ဆောင်ကြရမယ့် တမန်တော် လုပ်ငန်းများအား လက်တွေ့ ဆောင်ရွက်ရန်၊ ဇဝေဇဝါဖြစ်ခြင်း ဒုက္ခအခက်ခဲများကြောင့် အကူအညီ လိုအပ်လျက်ရှိနေသော ညီအစ်ကိုများအတွက် အားပေးနှစ်သိမ့်ခြင်းများအဖြစ်။

၂။ ကက်သလစ်အသင်းတော်၏ ယုံကြည်ခြင်း နှင့် စစ်မှန်သော သတင်းကောင်းများအတွက် အခြားသော ဘာသာဝင်များ၊ ခရစ်ယာန် ဂိုဏ်းကွဲအသင်းများနဲ့ အတူ တမန်တော်လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု များတွင် ပါဝင်ခြင်း။ ၃။

ခရစ်ယာန်တို့ ရဲ့ ကောင်းမွန်သောအကျင့်တရား၊ ကျမ်းစာတော်ရဲ့ တရားဟောကြားချက် တွေအားဖြင့် ယုံကြည်ခြင်း၌ ညီအစ်ကိုဘာသာသူများအား ပြန်လည်ဖြေဖျန်းပေးခြင်း၊ ဘုရား နှင့် အလှမ်းဝေး နေခဲ့ကြတဲ့ ဝိညာဉ်များအားဘုရားသခင်နှင့် ပြန်လည်စေ့စပ်ပေးခြင်း၊ လူငယ်များ မိမိတို့ ရဲ့ ကိုယ်ပိုင် ခေါ်တော်မူခြင်းကို ရှာတွေ့ နိုင်ရန် တွေ့ ဆုံပွဲများပြုလုပ်ခြင်း၊ အားပေးကူညီခြင်းများ ပေးခြင်း တို့ ဘဲဖြစ်ပါတယ်။


ယုံကြည်ခြင်းသာသနာပြု အသင်းဂိုဏ်းရှိ သာသနာပြုများသည် အသင်းတော်ကြီး၏ သာသနာပြုခြင်းတာဝန်များ၌ အတူတကွပါဝင်သယ်ပိုးဆောင်ရွက်ရန် ယုံကြည်ခြင်းသာသနာပြု အသင်းဂိုဏ်း အတွင်း ဘုရားသခင်၏ ခေါ်တော်မူခြင်းကို ခံခဲ့ရပါသည်။ သစ္စာသုံးပါးခံ သူတော်စင် ဘဝအသက်တာထဲမှာ သက်သေခံထမ်းခြင်းနှင့်အတူ သတင်းကောင်းဝေမျှခြင်းဆိုင်ရာ သာသနာပြုခြင်းတွေဟာ အမှန်တကယ် ဖြစ်ပေါ်လာနေခဲ့ပါတယ်။ ဒီအချက်ဟာ သခင်ယေဇူးခရစ်တော်၏ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဆင်းရဲခြင်း ဆိုတဲ့ အချက်ကို ပေါင်းစည်းစေခဲ့တဲ့ (cfr. Mt 8,20; Lc 9, 58), အရာတစ်ခုဖြစ်လာစေခဲ့သလို၊ ယေဇူးသခင်၏ နာခံခြင်း အားဖြင့် လူသားများ ကယ်တင်ခြင်းခံခဲ့ရပြီး သန့်ရှင်းစေခြင်းသို့ ရောက်ရှိစေခဲ့ကာ၊ (cfr. Fil 2, 8)၊ နီးစပ်သော ညီအစ်ကို နှင့် ဘုရားသခင်ရဲ့အမှုတော် အတွက် အမြဲအသင့်ရှိနေသောဘဝအသက်တာ နှင့် ကောင်းမွန် နှစ်လိုဖွယ်ရှိသော စကားအားများဖြင့်သော် လည်းကောင်း အစေခံခြင်းအမှုတော်တို့ကို လုပ်ဆောင်နေကြပါတယ်။

## ဝိညာဉ်ရေး အသက်တာ (Our Spirituality)


အသင်းဂိုဏ်း၏ ထူးခြားသော ကျေးဇူးတော်ဂုဏ်ပုဒ်၌ပါဝင်သည့် အုတ်မြစ်ဖြစ်သော ယုံကြည်ခြင်းနှင့် သာသနာပြုခြင်းတို့သည် ယုံကြည်ခြင်းသာသနာပြုအသင်းဂိုဏ်း၏ ထူးခြားသည့် ဝိညာဉ်ရေးအသက်တာ သွင်ပြင် လက္ခဏာပင်ဖြစ်ပါသည်။ ယုံကြည်ခြင်း၌ သာသနာပြုတစ်ဦးသည် ခိုင်မာသော၊ လေးနက်သော ဝိညာဉ်ရေးအသက်တာ နှင့် ခရစ်တော်၏ နောက်လိုက်ကောင်းတစ်ဦးဖြစ်ဖို့လိုအပ်ပြီး၊ အတွင်းစိတ်နလုံးသားချမ်းသာသော သူတစ်ဦးဖြစ်ဖို့လည်းလိုအပ်ပါတယ်။ ယုံကြည်ခြင်း သာသနာပြု တွေရဲ့တရားအားထုတ် အာရုံပြုတစ်ခုကတော့ သန့်ရှင်းသော သုံးပါးတစ်ဆူဘုရားနှင့်အတူ မိမိတို့ဘဝထဲ၌ဆက်လက်ပြီး ချစ်ခြင်းမေတ္တာရဲ့အသီးအပွင့်အဖြစ် သက်သေပြဖို့ရန်၊ ခံစားရရှိသော ကျေးဇူးတော်အားဖြင့် စိတ်ရှင်လန်းစေလာခြင်းတို့ပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းပေးမှုအားဖြင့် သခင့်ရဲ့လက်ဝါးကားတိုင်ပေါ်မှာ ပြသွားခဲ့ တဲ့စွန့်လွှတ်အနစ်နာခံခြင်း နဲ့ ကိုယ်တော်ရဲ့စကားတော်တွေ အားဖြင့် သခင်ခရစ်တော်ကို ကျွန်ုပ်တို့ရဲ့ ဘဝထဲမှာနေရာချန်ထားပေးဖို့ လိုအပ်ပါတယ်။ ယေဇူးခရစ်တော်ဟာ တပည့်တော်ကြီးတွေကို အဦးဆုံး ကိုယ်တော်နှင့် အတူနေထိုင်ဖို့ကို အလိုတော်ရှိပြီးမှ သတင်းကောင်းတရားတော် ဟောပြောဖို့စေလွှတ်ခဲ့ပါတယ်။ (cfr. Mk 3, 13-15). ထိုကျမ်းစာတော်မြတ်အချက်ဟာ ယုံကြည်ခြင်းသာသနာပြုအသင်းဂိုဏ်းဝင်တစ်ဦး၏ တမာန်တော်လုပ်ငန်းရဲ့အဓိကအချက်မှာ သခင်ခရစ်တော်နှင့်အတူ အသီးအပွင့်ဖြစ်စေဖို့ဘဲဖြစ်ပါတယ်။ ဒီအချက်ဟာ သာသနာ ပြုခြင်းနှင့် ဆက်ကပ်အပ်နှံထားခြင်း နှစ်ခုကြားမှာ သာယာလှပစွာပေါင်းစပ်ဖွဲ့စည်းထားသော တေးတစ်ပုဒ် ကဲ့သို့သော ကျွန်ုပ်တို့ဝိညာဉ်ရေးရာ တရားသဘောဘဲ ဖြစ်ပါတယ်။ အသစ်သောအတွင်းစိတ်နလုံးသား အားလုံးတို့၏မူးရင်းဇစ်မြစ်ဖြစ် သော သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ သစ္စာရှိသော၊ ခိုင်မြဲသော မမှားနိုင်သော၊ ဦးဆောင်မှုအားဖြင့် နက်ရှိုင်းသော တည်ကြည်သော ဝိညာဉ်ရေးလမ်းစဉ်ကို ပြုစုပျိုးထောင် ဖို့လိုအပ်ပါတယ်။

ဆေးကြောခြင်းစက္ကရမင်းတူး ခံယူပြီးကြသောသူအားလုံးတို့သည် သန့်ရှင်းခြင်းသို့ရောက်ရှိဖို့ရန် ခေါ်တော်မူခြင်းခံခဲ့ကြရပေမဲ့၊ အများစုမှာ စိတ်မဝင်စား၊ နှီးကြားမှုမရှိသူများအတွက် ကျွန်ုပ်တို့၌ ထိုသူတို့ အတွက် တာဝန်ရှိကြောင်း သတိရဖို့လိုပါတယ်။ ထို့အပြင် စိတ်အားဖြင့် ဆုတောင်းခြင်းနှင့် ဝတ်ပြုခြင်း နှင့်ဆိုင် သော ဆုတောင်းမေတ္တာအားရွတ်ဆိုခြင်း၊ တရားအားထုတ်ခြင်း၊ မွန္တားတရားတော်မြတ် နာယူခြင်း၊ တွေဟာ

အသင်းတော်ကြီးရဲ အရေးကြီးဆုံးနဲ အထွတ်အထိပ် ဖစ်မြစ် တွေဖြစ်သလို ကိုယ်တော်မြတ် ဖူးမြော်ခြင်း၊ ဘုရားသခင်၏နှုတ်တော်ထွက် စကား တော်များအား ပြန်လည်စဉ်းစားဆင်ခြေသတိရခြင်း၊ သူတော်စင်တို ဘဝအားလုံးကို စောက်ရှောက် ကာကွယ်ပေးသူ၊ စံပြမိခင် ဘုရား၏ မယ်တော်အား သဒ္ဓါကြည်ညိုခြင်း၊ ဝိညာဉ်ရေးရာ ဥပုပ်တရားများ နာယူခြင်း၊ ပြန်လည်သင့်မြတ် ခြင်းနှင့်ဆိုင်သော အာပတ်ဖြေခြင်း စက္ကရမင်းတူးကို မကြာခဏ ခံယူခြင်း၊ ဒီအချက်တွေဟာ ယုံကြည်ခြင်းသာသနာပြု အသင်းဂိုဏ်း ဝင် တစ်ဦးရဲ ပုဂ္ဂိုလ်ရေးအရ သစ္စာရှိစွာ ထမ်းဆောင်ရမယ့် အရာတွေအဖြစ် ညွှန်ပြနေပါတယ်။





| အသင်းဂိုဏ်းဝင်များ | | |
|---|---|---|
| | ကမ္ဘာ | မြန်မာ |
| ဘုန်းတော်ကြီး | ၂၃၀ | ၂၅ |
| ရဟန်းလောင်း | ၂၀၀ | ၁၂ |




**Missionaries of Faith ( Myanmar)**

| | | |
|---|---|---|
| State : Kayah | | |
| Diocese : Loikaw | | |
| Numbers of Priests (Myanmar) | - | 18 |
| Mission in abroad : (Italy) | - | 5 |
| : (USA) | - | 2 |
| Total Priests | - | 25 |
| P. Prof-Brothers | - | 1 |
| Theology-Brothers | - | 1 |
| Novice | - | 2 |
| Aspirant | - | 8 |



NORTH AMERICA
EUROPE
ASIA
AFRICA
SOUTH AMERICA
AUSTRALIA
ANTARCTICA
Gratia et Gaudium
MF
In Fide
St. Joseph's Church
( Dounoku Parish )
St. Peter's Formation House
St Francis of Assisi Church
(Ywathit Parish)
KAYAH STATE
N




ယုံကြည်ခြင်းသာ သနာ ပြုရဟန်းဂိုဏ်း
အသင်းဂိုဏ်း၏ ဆောင်ပုဒ်
ယုံကြည်ခြင်း၌ ကျေးဇူးတော်နှင့်ပျော်ရွှင်ခြင်း
Gratia et Gaudium in Fide
Gratia et Gaudium
MF
In Fide
Logo
MF
(Queen of Confessors)
St. Peter's Formation House
( Doungankha )
St.Joseph's Church
(Mailon Parish)
St. Joseph's Church
( Dounoku Parish )
St.Francis of Assisi Church
(Ywathit Parish)
KAYAH STATE
ဝင်လိုသူအတွက် အခြေခံလိုအပ်ချက်များ
တက်လှမ်းရမည့်အဆင့်များ
(Aspirancy)
( Pre-novitiate)
( Novitiate )
( Juniorate Philosophy-Theology )
Formation House